www.burmeseclassic.com



"ဟဲ့ ဘယ်လိုဖြစ်လို့တုံး ဘုမရဲ့"

"ဟာ နေ့ဘက်ဆိုရင် အိပ်ယာထဲတုံးလုံး လှူမမာကြီးတဲ့၊ ထ တာတောင် လူတွဲမှ ထနိုင်တာ။ ညဆို အကောင်းကြီးတဲ့။ သူ့ဟာသူ ထသွားနေတာတဲ့။ သူ့စောင့်တဲ့ သူ့မြေးမတွေ အိပ်ပျော်နေရင် အပြင်တွေ လျှောက်သွားတာတဲ့တော်ရေ။ ခြေထောက်မှာ သဲတွေ ပေလို့တဲ့ မနက်လင်းမှ ဟိုဟာမနှစ်ယောက်သိတာတဲ့ အရီးရေ"

"ဟေ"

"ဝက်သားများစားလိုက်ရင် တစ်ချိုင့်လောက်ကို အသာကလေး တဲ့ စောင်မဝဘူးဆိုပဲ"

"ဟော ဒါဆိုရင်တော့ ဟုတ်လောက်တယ် ဘုမရဲ့၊ ဒါဖုတ်ဝင် တာပဲ။ ဖုတ်ဆိုတာ အမျိုးမျိုးရှိတယ်ဆိုပဲဟဲ့။ သွေးစုတ်ဖုတ်တို့ ရွှေ ထီးဆောင်းဖုတ်တို့ ဆိုလား ငါလည်း စုံအောင်တော့ မသိပါဘူး ဟယ်။ ပြီးတော့ အခုဟာက ညဘက်အပြင်လျှောက်သွားတယ်ဆို တာ သိပ်မကောင်းဘူးထင်တယ် ဘုမရဲ့"

"ရှင် ဘာဖြစ်လို့လဲ အရီးရဲ့"

"ဟဲ့ ဘုမ ငါကြားဖူးတယ် တစ်ချို့ဖုတ်က ရွာထဲဝင်ပြီး ကြက် တွေကြောင်တွေတောင် အစိမ်းဖမ်းစားတာဆိုပဲ"

"အောင်မယ်လေး ကြောက်စရာပါလား အရီးရယ်"

"ဒီကိစ္စ ဘယ်လိုလုပ်မလဲ။ ဆရာတော်ကို လျှောက်ကြရင် မ ကောင်းဘူးလား"

"တို့က လျှောက်လို့တော့ ဘယ်ကောင်းမလဲ ဘုမရဲ့၊ ဆရာ တော့်တူမတွေ လုံးကြည်တို့ သိန်းကြည်တို့ပဲ လျှောက်ခိုင်းရမှာပေါ့"

အရှေ့ဘက်ကောင်းကင်



"အင်း ဒါလည်း ဟုတ်တာပဲ ညည်း အသာနေပါ။ ကျုပ် လုံးကြည်တို့ကို အသာတိုးတိုး ကပ်မေးပြီး ပြောသင့်တာ ကျုပ်ပြော လိုက်ပါ့မယ်။ မပြောခင်သေချာအောင် ကျုပ် စမ်းလိုက်ပါဦးမယ်"

"အင်း... ကောင်းတယ် အရီး၊ ကောင်းတယ် မြန်မြန်သာလုပ် ပေတော့"

"အေးပါ ညည်းပြောကတည်းက ကျုပ်က စဉ်းစားနေတာပါ အေ။ ဒီတစ်ရက် နှစ်ရက်ဆို သိမှာပါ"

အဖွားကြီးတွေ ပါးစပ်များ သိဝ်ကြောက်စရာကောင်းတာဗျ။ ဒီသတင်းက ရွာထဲမှာ ကြိတ်ပြီးပျံ့နေပြီ။ ဘုန်းကြီးမယ်တော် ဖုတ် ဝင်နေတယ်ပေါ့ဗျာ။

ပျံ့မယ်ဆိုရင်လည်း ပျံ့ချင်စရာပဲဗျ။ အဖွားကြီးတွေ တိုးတိုး ...တိုးတိုး လုပ်နေတဲ့ ရက်မှာပဲ တစ်မနက် ကျုပ်ဆီကို အရှေ့ပိုင်းက ဘိုးလှ ဆိုတဲ့ကောင် အစောကြီး ပေါက်ချလာတယ် လာပုံကလည်း ပြာပြာ ပြာပြာနဲ့ ဗျို့။

"ဟကောင်ကြီး တိုးလှလာလေကွာ။ ဘာစားပြီးပြီလဲ၊ ငါဒီမှာ အမဲသားဟင်းကျန်နဲ့ ထမင်းကြမ်းစားနေတာ။ တစ်ခါတည်း ဝင်စား လိုက်ပါလား"

"ဟာ ကိုကြီးတာတေစားဗျ ကျုပ်က အစောကြီးထဲက စားပြီး ဗျ"

"ဟာ မင်းဟာက ခုမှမိုးလင်းရုံရှိသေးတာ မင်းက ဘယ် ဆောက်စောစောထပြီး စားတာတုံး"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



## ကိုးသချိုင်းကာဝေ

ဈွတ်ပြီးကာတိတည်တဲ့လူများ

ကျွန်ုပ်ဆရာကြီးစိုင်းနွံမကို ပြောတာပါ။ ကျွန်ုပ်ရအောင်ယူပေးတဲ့ သစ်စုန်းပင်ကို ပုဗ္ဗာရုံကျောင်းမှာပဲ တောင်ဝှေးလုပ်တာယ်။ ဆေးတောင်ဝှေးသုံးချောင်းထွက်တယ်ဗျ။ သစ်ရွက်၊ သစ်မြစ်တွေကိုတော့။ အခြောက်လှမ်း၊ အမှုန့်ထောင်းပြီး ဆေးတောင့်တွေလုပ်တယ်။ ဆေးတောင်ဝှေးတို့ကို ယန်းပုဆရာနဲ့ နဂါးခေါင်းလက်ကိုင်တွေထုတယ်ဗျ။ ပြီးတော့မှ ပေါ်လစ်တင်တယ်။ နဂါးခေါင်းကိုတော့ ရွှေပိန်းချတာဗျ။

သစ်စုန်းဆိုတာ တော်တော်ကိုထူးတဲ့ သစ်သားပဲဗျ။ အားလုံးလုပ်ကိုင်ပြီးတော့ ဆရာတော်ကို သစ်စုန်းဆေးတောင့်တစ်ထောင်နဲ့ နဂါးတောင်ဝှေးတစ်ချောင်းလှူတယ်။

ကျွန်ုပ်ကိုတော့ သစ်စုန်းဆေးတောင့်တစ်ထောင်နဲ့ မျက်ကွင်းဆေးတစ်ချောင်းပေးတယ်။ ဖြေဆေးဥပါဒ်ပေးတယ်ဗျ။ သိလှသမားမိရှိသလောက် ကတိလည်းအင်မတန်တည်တဲ့ ဆရာကြီးပါပဲဗျာ။

ဆရာကြီး စိုင်းနွံမပြန်သွားပြီး တစ်နှစ်လောက်ရှိတော့ ဘန့်ရွေးကုန်းကို လူတစ်ယောက်ရောက်လာတယ်ဗျ။ ဒီလူက ကဝေဆိုပဲ။





ကျွန်ုပ်လည်း မသိပါဘူးဗျာ။ တစ်ရက်ကျွန်ုပ်ဆီကို ဘန့်ဘွေးကုန်းက ကျောက်နီဆိုတဲ့ကောင် ရောက်လာပြီးပြောလို့သိတာဗျ။

"ဟာ ဟေ့ကောင် ကျောက်နီ၊ ဘာဖြစ်လာတာတုံး"

"ကိုတာတေဆီကိုပဲလာတာပါဗျာ၊ ကိစ္စနည်းနည်းရှိလို့ဗျ"

"အေး...လာလေကွာ"

ကျွန်ုပ်ထိုင်နေတဲ့ မန်ကျည်းပင်အောက်က ကွပ်ပျစ်ပေါ်ကို ခေါ်လိုက်တယ်။

"ဟဲ့...ဒါဘန်အွေးကုန်းက ကျောက်နီမို့လား"

ကျွန်ုပ်အမေက အိမ်ပေါ်ကနေပြီးတော့ ကျောက်နီကို လှမ်းနှုတ်ဆက်တယ်။

"ဟုတ်ပါ့ အရီးရေ၊ အဘတို့ အရီးတို့ နေကောင်းကြရဲ့လားဗျ"

"အေး ကောင်းပါတော်၊ နင့်အမေ စိန်ကြည်ရော နေကောင်းရဲ့လား ဟဲ့ ကျောက်နီ"

"ဟိုတစ်လေကတော့ နည်းနည်းဖျားသေးတယ် အရီးရဲ့ အခုတော့ ကောင်းသွားပါပြီ"

"အော်...အေး...အေး...အဲဒီမှာ နင့်အကိုတာတေနဲ့ ထိုင်ကြ၊ အရီး ရေနွေးကြမ်းထည့်လိုက်ဦးမယ်"

ကျောက်နီကျွန်ုပ်နားမှာ ဝင်ထိုင်တယ်ဗျ။ ခဏကြာတော့ အမေက လဘက်သုပ်နဲ့ ရေနွေးကြမ်းယူလာပြီး တည်တယ်ဗျ။

"အဲကြမ်းလေးသောက်ရင်း၊ လဘက်စားရင် ညီအစ်ကိုတွေ စကားပြောကြပေါ့။ အရီးအနောက်ပိုင်းက ကောက်ခေါင်တိုက် ခဏ



www.burmeseclassic.com

www.burmeseclassic.com



"အေး...အဲ့ဒီကိစ္စကိုပြောဦးမယ်။ မောင်တာတေရဲ့"

"ကျုပ်ရဲ့ နောက်ဆုံးအဆင့် ကိုးကျင်းထွက်တဲ့ပွဲမှာ အဖျက်အဆီးကတော့ ကြီးကြီးမားမားကို ကြုံရမှာကွဲ့။ အဲ့ဒါမောင်တာတေအပေါ်မှာ ကျုပ်အသက်မှုတည်နေတယ်"

"ဗျာ...ဘယ်လိုကြောင့်လဲဆရာ"

"ဒီလိုလေ...မောင်တာတေရဲ့။ မောင်တာတေက ကျုပ်ကို ဆေးလုံးပေါက်ပေးရမှာလေ။ မောင်တာတေသာ ဆေးသုံးလုံးကို ပြည့်အောင် မပေါက်နိုင်ရင် ကျုပ်တော့ သွားရောကွဲ့"

"ဟာ ဒီအတွက်တော့ နည်းနည်းမှုကို မပူနဲ့ဆရာ"

"ကျုပ်အားရှိလိုက်တာ၊ မောင်တာတေရယ်၊ အနှောက်အယှက်တွေက မောင်တာတေဆေးလုံးသုံးလုံးပြည့်အောင် မပေါက်နိုင်အောင် နှောက်ယှက်ကြမှာ သေချာတယ်ကွဲ့"

"အို...ကြိုက်သလောက်နှောက်ယှက်ပါစေ။ ကျုပ်ဆေးသုံးလုံး ပြည့်အောင် ပေါက်ပေးပါမယ်"

"ကဲ...ကျုပ် စိတ်ချပြီဗျာ၊ ကဲ မောင်တာတေ ကျုပ်ကို မေးစရာရှိတာမေးဝါ"

"တခြားတော့ မေးစရာမရှိပါဘူးဆရာ။ ဒီပညာတွေဟာ ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ သိချင်တာပါဆရာ"

ကျုပ်က ဆရာကိုတက်ခါးကို မေးလိုက်တော့ ဝိုင်းအုံကြည့်နေတဲ့ လူတွေက ကျုပ်ကိုလှည့်ကြည့်ကြတယ်ဗျ။

"အင်း...မောင်တာတေသိချင်တာကို ဆရာပြပါမယ်။ ဒါပေမဲ့





ပါးစပ်နဲ့တော့ မဟုတ်ဘူးကွဲ့ လက်တွေ့ပေါ့၊ ကဲ...ကိုကြက်ဖကြီးခင်ဗျားလည်း ဆရာနဲ့တစ်နေ့လုံးစကားထိုင်ပြောနေတာကြာလှပြီ ဆာရောပေါ့။ ခေါက်ဆွဲကျော်နဲ့ ကော်ဖီအင်္ဂလိပ်စားပြီး ဘောက်ချင်ဘူးလားဗျ"

"ဟဲ၊ ဟဲ၊ ဟဲ၊ ဟဲ"

ဦးကြက်ဖကြီးက ဘာမှမပြောဘဲ ရယ်နေတယ်ဗျ။

"ကဲ...ပြောဗျာ စားချင်သလား၊ မစားချင်ဘူးလား"

"ဟာ...စားချင်တာပေါ့ ဆရာရယ်"

"ကဲ၊ ကဲ စားချင်ရင် စားရမှာပေါ့ဗျာ"

"ရှီး...ရှီး...ရှီး"

ဆရာကိုတက်ခါးက လေကိုသုံးချက်ချွန်လိုက်တယ်ဗျ။ ပြီး ဆောလက်ဝါးဖြန့်ထားလိုက်တယ်။

"ဟာ"

ကျုပ်ရော ဝိုင်းအုံနေတဲ့ လူတွေရော ဟာခနဲဖြစ်သွားတာပေါ့။

ဆရာကိုတက်ခါးရဲ့ ဖြန့်ထားတဲ့လက်ဝါးပေါ်မှာ ခေါက်ဆွဲကြော်ထုပ်ကြီးဗျ။ သေသေချာချာကို ကြိုးနဲ့စီးထားတာ။ ဒါ အပ်နဲ့ဆိုင်ကကြော်တဲ့ လက်ရာမဟုတ်ဘူးဗျ။

"ကဲ...ရော့...ကိုကြက်ဖကြီး ဖြေပြီးစားဗျာ။

ဦးကြက်ဖကြီးက ခေါက်ဆွဲကြော်ထုပ်ကို ယူပြီး ဖြည်တယ်ဗျ၊ အို...မွှေးကြိုင်နေတာပဲ။ အငွေ့ကလည်း တစ်ထောင်းထောင်းနဲ့ဗျ"

"ဟာ...ခေါက်ဆွဲကြော်စားဖို့ တူမှမပါတာ နေဦး နေဦး ဆရာ တူတောင်းပေးမယ်"



www.burmeseclassic.com

